ပန်းရွှင်ပြည်စာအုပ်တိုက်

# ဇမ္ဗူရစ်ရွှေစင်ကြယ်

ရသ ဒဿန အတွေးအမြင်စာစုများ

သို အင်ကြင်း

## စာရေးတတ်၍ ဖတ်ချင်စဖွယ်ကောင်း

စာပေဆုများ ရှင် စာရေးဆရာမ သျှီ(အင်ကြင်း)သြ၏ စာအချို့တို့ နှင့် ရင်းနှီးခဲ့ဖူးပါသည် ။ လပြည့်ဝန်းမဂ္ဂဇင်းကို လစဉ် ငှားဖတ်ရစဉ်တုန်းက ဖြစ်၏။ တောင်ကြီးမြို့သို့ ဆရာမရောက်ရှိနေထိုင်သောအခါ ဆရာကြီး သိန်းသန်းထွန်းမှ တစ်ဆင့် 'ကျွန်တော့်ကို တွေ့ဆုံ သိကျွမ်းလိုကြောင်း' သတင်းစကား ဦးစွာကြားသိရ၏။ ကျွန်တော်သည် အိမ်အပြင် ထွက်ခဲလှသဖြင့် တော်တော်နှင့် လူချင်း မဆုံဖြစ်ခဲ့ပါ။ သူ့အိမ်သို့ဖိတ်သော ဖိတ်စာ ၂စောင်မျှ ရသည် အထိ မသွားဖြစ်ခဲ့၍ မဆုံနိုင်ခြင်းပါ။ နောင် ဆုံဖြစ်သောအခါ ပြုံးပြုံးလေးနှင့် စကားပြောပွင့်လင်းဖော်ရွေ၍ ခင်မင်ကျွမ်းဝင်သွားကြ၏။ မိသားစုလိုက် ရင်းနှီးကျွမ်းဝင်ခဲ့ခြင်းဖြစ်သည် ။

တစ်နေ့ စာမူကော်ပီ တစ်ထပ်ကြီးနှင့် ကျွန်တော့်အိမ်သို့ ပေါက်ချလာ၏။ ဆောင်းပါးများ ဖြစ်ပြီး၊ ဂျာနယ်များ ၌ ဖော်ပြခံရပြီးသော စာမူများ ဖြစ်နေ၏။ ပေါင်းချုပ်ထုတ်ရန် သင့်မသင့်နှင့်၊ သင့်လျှင် အမှာ စာကို ရေးသားချီးမြှင့်ပေးပါရန် မေတ္တာရပ်ခံလာ၏။

စာ မြည်းကြည့်ရုံဖြင့် စာရေး တော် တတ် ကောင်းလှကြောင်း သိလိုက်ပါပြီ။ မြန်မာစာပေရေးသားမှု၌ က–ကျမ်းဂန်ဆန်ဆန်တည်ငြိမ်လေးနက်သော စာရေးဟန် ခ–နေ့စဉ် အချင်းချင်းဆက်သွယ်ပေါ့ပါး သွက်လက်သော စကားပြောဟန်ဟူ၍ ၂မျိုး ၂စား ရှိပါသည် ။ စာရေးမတော် မ

တတ်သူတို့ မှာ ယင်းရေးဟန်၂မျိုးတို့ ကို ရောထွေး ရေးသားမိလိုက်၍ အလွန် ကသိကအောက်နိုင်အောင် ဖတ်ရ ထောင့်ထောင့်ကြီး ဖြစ်နေတတ်မြဲပါ။ စာလည်း မချောတော့၍ စာ မကောင်း ဖြစ်ရပါပြီ။

'ဆရာသော်တာဆွေတို့ များ စာရေး ကောင်းလိုက်ပုံ၊ တော်လိုက်ပုံ၊ တတ်လိုက်ပုံ၊ စာရေးဟန်မှာ စကားပြောဟန်တွေ ကြားညှပ်ထည့်လိုက်တာ ဘယ်လိုမျှ မသိသာလိုက်ဘူး။ စာ အလွန်ချောပြီး ဖတ်လို့ ကောင်းနေတော့တာကိုး' ဟု စာဖတ်ဝါရင့်သူတစ်ဦးက မှတ်ချက်ချ ဝေဖန် ချီးကျူး ဖော်ပြလိုက်ဖူးပါ၏။ ယခု ဆရာမ၏ ဆောင်းပါးတစ်ထပ်ကြီးကို ဖတ်ရတော့၊ ဆရာမလည်း ဆရာသော်တာဆွေ့နီးပါးမို့ ဝမ်းသာချီးကျူးရပါသည် ။

စာပေပုံသဏ္ဌာန်ကို အကြမ်းအားဖြင့် '၁–ကဗျာ၊ ၂–ဝတ္ထု၊ ၃–ဆောင်းပါး' ဟူ၍ ၃ ကဏ္ဍ သတ်မှတ်ကြ၏။ စာဖတ်နာသော စာပေဝါသနာရှင်သည် မိမိ တွေ့မြင်ခံစားတွေးခေါ်မိသမျှ ပြန်လည် ဖောက်သည် ချလိုကြသဖြင့် တစ်နေ့တစ်ချိန်တွင် ကလောင်ကိုင် ကြည့်တတ်၏။ စာစမ်းရေးပြီဆိုလျှင် ယင်းပုံသဏ္ဌာန် ၃ မျိုးအနက်မှ တစ်မျိုးမျိုးတော့ 'လိုင်း' ယူရ၏။ မိမိသန်ရာကို သူ့အလိုလို ရေးမိပြီးသား ဖြစ်၏။ လိုင်း ၃ လိုင်းလုံးကို ယူ၍ ဖြစ်မြောက် အောင်မြင်သောသူကား ရှားလှ၏။ တကယ့် စာပေပါရမီရှင်ကြီးများမှ ဖြစ်နိုင်ကောင်းပါသည် ။

လိုင်း ၂ လိုင်းလောက်မှာ အောင်မြင်ထွန်းပေါက်လျှင် အတော်ဟုတ်လှပြီ။ ခံစားမှုကဲပြီး အနုပညာဖန်တီးမှုချင်း ဆင်ဆင်တူသည့် ကဗျာနှင့် ဝတ္ထု ၂ လိုင်းပူး အောင်မြင်မှုကြသည် ကို အတွေ့ရများ ၏။ ကဗျာနှင့် ဆောင်းပါး၊ ဝတ္ထုနှင့်ဆောင်းပါးကဲ့သို့သော လိုင်း ၂ လိုင်းပူးတွဲအောင်မြင်မှုကျတော့ အတော်ကြီး ခက်ခဲနိုင်၏။ အကြောင်းမှာ က

ဗျာနှင့်ဝတ္ထုသည် အနုပညာဖန်တီးမှု ရသ ဖြစ်ကာ၊ ဆောင်းပါးဆိုသည် ကား အချက်အလက်တို့ ကို စုစည်းဖော်ပြလျက် ကောက်ချက်နှင့် ရည် ညွှန်းကို ပါးပါးပေးသော သုတပိုင်း ဖြစ်သောကြောင့်ပါ။

ဆရာမ၏ စာများကို ကျွန်တော်သည် ဝတ္ထုတို၊ ရှည်ဖြင့်သာ ရင်းနှီးခွ င့် ရခဲ့၏။ ဂျာနယ်ကို ကျွန်တော် မဖတ်ဖြစ်သလောက် ရှိ၍ ၊ ဆရာမ၏ ဆောင်းပါးများ နှင့် အလှမ်းဝေးခဲ့ပါသည် ။ ယခုမှ မြည်းကြည့်ဖူး၏။ မြ ည်းကြည့်ရုံဖြင့် စွဲငြိသွားကာ တထိုင်တည်း အပြီး ဖတ်ဖြစ်လိုက်ပါသည် ။ ခေတ်စကားလုံး သုံးရလျှင် 'ဟတ်ထိ' သွားခဲ့ပါသည် ။

ဖတ်ပြီးသွားသောအခါ ပေါင်းချုပ်ထုတ်ရန် အလွန်သင့်တော်ကောင်းမွန်ပါကြောင်း ခံယူမိသည် နှင့်အညီ၊ ဆရာမ တောင်းခံခဲ့သော အမှာ စာကိုပါ တစ်ဆက်တည်း ရေးပေးနေမိပါသည် ။

'ဆောင်းပါး' ဆိုသည် မှာ စာရေးသူက စာဖတ်သူအား စာမှ တစ်ဆ င့် လက်ဆောင်ပါးလိုက်ခြင်း ဖြစ်လို့ မို့ 'ဆောင်းပါး' ဝေါဟာရ ဖြစ်ပေါ် အမည်တွင် လာခြင်းပါတဲ့ ။ ဆရာမပေးလိုက်သော အတွေးလက်ဆော င်များကို ရပါ၏။ သူ့အတွေ့အကြုံ အဆက်အဆံများ ၊ လေ့လာမှတ်သား ခံစားသိရှိခဲ့သည် များကို အများ နှင့်မတူသော ရှုထောင့်၊ မြင်ထောင့်၊ တွေးထောင့်တို့ မှ လှစ်ခနဲ တို့ ထိပြသည် ။ လိမ္မာပါးနပ်စွာကလောင် ဝ င့်လိုက်သောအခါ ဆောင်းပါးတို့ သည် တစ်နည်းမဟုတ် တစ်နည်းအားဖြင့် နှစ်လိုဖွယ်အသွင် ဆောင်ကာ ဖတ်ချင်စဖွယ် ကောင်းလှပါသည် ။ စွဲလည်း စွဲကျန်ရစ်သည် ။ သူနှင့်အတူ ကြည်နူးရ၊ ဝမ်းမြောက်ရ၊ သနားရ၊ ဒေါသထချင်ရ၊ မခံချင်စိတ် ဖြစ်ရခြင်းတို့ သည် ပင်လျှင် သူ စာရေးကောင်း၊ စာရေးတတ်၊ စာရေးတော်ကြောင်း သက်

သေခံနေပါသည် ။

စာရေးကောင်းသော ကလောင်တစ်ချောင်းဖြစ်ဖို့ အရည်အချင်းကောင်း များ စွာလိုအပ်ပါ၏။ စကားပြေ အရေးအသား နိုင်နင်းဖို့ ရှေးဦး လိုအပ်၏။ အဓိပ္ပာယ်မှာ သဒ္ဒါ၊ သတ်ပုံ ပိုင်နိုင်ရပါမည်။ ထို့နောက် သာမန်ပုဂ္ဂိုလ်တို့ နှင့် မတူသော အမြင်ရှုထောင့်၊ အတွေးထောင့်နှင့် ကိုယ်ပိုင်ဒဿနကောင်းရှိဖို့ လိုပါသည် ။ အရေးကြီးဆုံးကား ရိုးသားမှုနှင့် စာဖတ်သူအပေါ်မှာ ထားရှိသော ဖြူစင် မေတ္တာကြီးမှုတို့ ဖြစ်၏။ ကလောင်၏ အသက်ဖြစ်သော စာပေသစ္စာလက်နက်မြဲမြဲကိုင်ထားရန် ဖြစ်သည် ။ ဆရာမ၌ ဤအရည်အချင်းကောင်းများ နှင့် ပြည့်စုံနေ၍ လည်း စာတစ်ပုဒ် ဖတ်ပြီးတိုင်း ‘ကောင်းလိုက်တာ ရေးတတ်လိုက်တာ’ မှတ်ချက်ချမိခြင်း ဖြစ်ပါသည် ။

‘ဟင်းရည်ဆို ချိုမှ ၊ တရားဆို တိုမှ ’ဟု ပြောရိုးပြောစဉ် ရှိနေပေရာ၊ နိဒါန်း အမှာ ဆိုသည် မှာ လည်း ချိုလည်း ချို၊ တိုလည်း တိုမှ ကောင်းပါလိမ့်မည်။ ကျွန်တော့် အမှာ စာသည် ချို၊ မချို မပြောတတ်သော်လည်း ၊ သိပ်ပြီး မတိုသည် မှာ သေချာပါသည် ။ ထို့ကြောင့် ရပ်နားသင့်ပြီ ယူဆသဖြင့် ဆရာမရေးသော ဆောင်းပါးများ ၏ စာအမြည်းများကို ကောက်နုတ်မပြတော့ဘဲ၊ ‘စာရှုသူလက်တွင်း ရောက်ရှိနေသည့် ဤစာအုပ်ကို မကျော်မလွှား အစမှ သည် အဆုံးတိုင်အထိ ဖတ်ရှုခံစား ကြည့်ကြပါတော့’ ဟု တိုက်တွန်းသမှု ပြုလိုက်ရပါသည် ။

စာပေဗဟု သုတ စိတ္တအာဟာရ ပြည့်ဝနိုင်ကြပါစေသတည်း။

**မေတ္တာဖြိုင့်**
**ဒေါက်တာအောင်ကျော် ( သွား/ဆရာဝန် )**

# စာရေးသူ၏ အမှာ စာ

ကျွန်မရေးသော စာအုပ်များ တွင် အမှာ စာ ၁ ကြိမ် ၁ခါမျှ မရေးဖူးပါ။ ‘စာအုပ်’ဟူ၍ များများ စားစား မရှိပါ။ ပခုက္ကူဦးအုံးဖေ ဆုရ ဝတ္ထုရှည်စာအုပ် ၂ အုပ်၊ အချစ်နှင့်လျှို့ဝှက်ဝတ္ထုရှည် ၃ အုပ်နှင့် မဂ္ဂဇင်းအချို့တွင် ဖော်ပြခံရပြီးသော ဝတ္ထုတိုပေါင်းချုပ် ၂ အုပ်သာ ထုတ်ဝေဖူးပါသည် ။ စာရေး အလွန်ကျဲသလို ဝတ္ထုတို လိုင်းကိုသာ အများ ဆုံးရေးခဲ့တာ ဖြစ်ပါသည် ။

ဝယ်သူ့စိတ်ကြိုက် ဂျာနယ်မှာ ဆရာ ဦးသင်းအောင် အယ်ဒီတာချုပ်တာဝန်ယူခဲ့စဉ်က ဆရာ ဦးသင်းအောင်၏ တိုက်တွန်းမှုကြောင့် ဆောင်းပါးအချို့ ရေးခဲ့ဖူးပါသည် ။ ဆရာ ဦးအောင်ပြည့်၏ ဖတ်စရာဂျာနယ် ပေါ်ထွက်လာတော့ ဖတ်စရာမှာ ဆောင်းပါးအချို့ ဖော်ပြခံခဲ့ရပါသည် ။

ကျွန်မရေးသော ဆောင်းပါးများမှာ ကျွန်မ၏ ဘဝနှင့် ကျင်လည်ခဲ့ရသော ပတ်ဝန်းကျင်အဖုံဖုံပေါ်တွင် သိမြင်ခံစားရသလို ရိုးသားစွာ တွေးခေါ်ရေးသားခဲ့ခြင်းများ ဖြစ်ပါသည် ။ စာဖတ်သူများ အတွက် ရသတစ်စုံတစ်ရာ ပေးနိုင်လိမ့်မည်ဟု လည်း မျှော်လင့်ခဲ့ပါသည် ။

တစ်စစီ ပြန့်ကျဲနေသော ကျွန်မ၏ ဆောင်းပါးများကို တစ်စုတဝေးတည်း ရှိစေချင်သောဆန္ဒဖြင့် ပေါင်းချုပ်ထုတ်ဝေရန် ဆန္ဒရှိခဲ့သော်လ

ည်း မဝံ့မရဲစိတ်၊ ယုံကြည်မှုနည်းစိတ်ကြောင့် အကောင်အထည်ဖော်ရန် နှောင့်နှေး ကြန့်ကြာခဲ့ပါသည် ။ ယခုတော့ ကျွန်မ၏ ပြင်းပြသောဆန္ဒကို အကောင်အထည်ဖော်ရန်အတွက် ခင်မင်လေးစားရပါသော စာရေးဆရာ ဒေါက်တာအောင်ကျော်(သွား/ဆရာဝန်)ထံ မိတ္တူကူးထားသော ဆောင်းပါးစုကြီးကို ပေးဖတ် အကြံတောင်းလေတော့မှ ဆရာဒေါက်တာအောင်ကျော်မှ 'ထုတ်ဝေရန် သင့်ကြောင်း' တိုက်တွန်းမှုနှင့်အတူ အမှာ စာပါ တစ်ပါတည်း ချီးမြှင့်ပါသောကြောင့် 'ဇမ္ဗူရစ်ရွှေစင်ကြယ် ရသ၊ ဒဿန အတွေးအမြင်စာစုများ ' အမည်ရှိ ဤစာအုပ်ကို ထုတ်ဝေဖြစ်ခဲ့ပါပြီ။

အထက်မှာ တင်ပြခဲ့သည့်အတိုင်း ဤစာအုပ်ပါ ဆောင်းပါးများ သည် ဝယ်သူ့စိတ်ကြိုက်ဂျာနယ်နှင့် ဖတ်စရာဂျာနယ်များမှာ ဖော်ပြပြီး ဆောင်းပါးများ သာ ဖြစ်ပါသည် ။

စာအုပ်ဖြစ်မြောက်ရေးအတွက် မူလကျေးဇူးရှင်များ ဖြစ်သော ဆရာဦးအောင်ပြည့်(ကွယ်လွန်)နှင့် ဆရာ ဦးသင်းအောင်တို့ အား ဂါရဝပြုပါ၏။ စာအုပ်ထုတ်ရန် တိုက်တွန်းအကြံပေးပြီး အမှာ စာရေးသားချီးမြှင့်ပေးသူ ဆရာဒေါက်တာအောင်ကျော်၊ ပန်းရွှေပြည်စာအုပ်တိုက်မှ ဆရာကိုရွှေသိမ်းမင်းနှင့် ဝန်ထမ်းများ ၊ စာဖတ်သူအားလုံးတို့ ကို အထူး ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည် ။

**စာဖတ်သူအားလုံးကို ထာဝရလေးစားလျက်**
**သျှိ(အင်ကြင်း)**

# ဇမ္ဗူရစ်ရွှေစင်ကြယ်

တောင်ကြီးဆောင်းသည် လွန်းစွာ အေးချမ်းလှပါသည် ။ ‘နှင်း မဝေ ဘဲအေးသောဆောင်း’ ဟု ဆိုရပေသည် ။ တောင်ကြီးဆောင်းနှင့် အကျွမ်းမဝင်သေးသော ရွှေမိသည် နံနက်ခင်းနှင့် ညနေပိုင်းဆိုလျှင် ဂွမ်းဘောင်းဘီရှည်ကို ထဘီအောက်မှာ ခံပြီး ဆွယ်တာအင်္ကျီ၊ ကုတ်အင်္ကျီကို ထပ်ဝတ်ရုံသာမက၊ မွေးပွတဘက်စောင်ကြီးကို တစ်ကိုယ်လုံး လွှမ်းခြုံ၍ အအေးဒဏ်ကို အန်တုထားရသည် ။ ရွှေမိတို့ နေထိုင်ခွင့်ရသောအိမ်က ‘တောင်ကြီးကြီးတစ်ခု တောင်ခြေမှာ ဖြစ်၍ ပို၍ အေးသည် ’ ဟု ဆိုကြသည် ။ အိမ်မှာ တစ်ထပ်တိုက်ငယ်လေးဖြစ်ပြီး ထိုတောင်၏ ဆင်ခြေလျှော တစ်နေရာမှာ ရှိသည် ။ ကိုးမြို့ရှင်နန်းနှင့် မိုးကုတ်ဝိပဿနာကျောင်း ၂ ခုကြားမှာ ရှိပြီး အတက်လမ်းဖြစ်သော မိုးကုတ်ဝိပဿနာလမ်းကြောအတိုင်း လျှောက်လျှင် တောင်ခြေအစပ် တစ်နေရာမှ ကြည့်သောအခါ တောင်ကြီးမြို့တစ်ခြမ်းကို အပေါ်စီးဖြင့် မြင်နိုင်သည် ။ အမိုးနီနီနှင့် ခေတ်မီတိုက်သစ်များ စွာသည် တောင်ကြီးမြို့ကို အထက်တန်းကျကျ တန်ဆာထားလေ၏။



ညတာရှည်ပြီး နေ့တာတိုသော ဤဆောင်းဝယ် နံနက် ၈နာရီလောက်မှ နေခြည်ဖြာ၍ နွေးရလေ၏။ ထိုအချိန်ဆိုလျှင် ရွှေမိသည် အိမ်ဝိုင်းထဲရှိ ထင်းရှူးပင်၊ ဝက်သစ်ချပင်၊ ယူကလစ်ပင်များ ၏ အရိပ်များကြားမှ ကွက်တိကွက်ကျား ထိုးလာသော နေရောင်ခြည်အောက်မှာ ခိုလှုံရင်း၊ ကုလားထိုင်တစ်လုံးမှာ ထိုင်ပြီးစာဖတ်နေတတ်သည် ။ ထိုအချိန်ဆိုလျှင် လမ်းပေါ်မှာ ဆိုင်ကယ်တွေ၊ ကားတွေ ဥဒဟိုသွားနေကြပြီ။ မုန်ညင်း၊ ဂေါ်ဖီ၊ ပန်းမုန်လာ စသော သီးနှံတွေ တင်ထားသော ကားငယ်အချို့ ဈေးဘက်သို့သွားတာ တွေ့ရသည် ။

ဆောင်းရာသီတွင် တောင်ကြီးမြို့မှာ အသီးအနှံ လွန်စွာပေါသည် ။ လိမ္မော်သီး၊ ပန်းသီး၊ စတော်ဘယ်ရီ၊ ထောပတ်၊ သခွားမွေး၊ မက်မွန်၊ မက်မန်း၊ အသီးတွေက လတ်ဆတ်ပြီး ဈေးနှုန်း ချိုသာသည် ။ မုန်ညင်း၊

ဂေါ်ဖီ၊ ပန်းမုန်လာ၊ ပန်းငရုတ်၊ ရွှေပဲသီး၊ ပဲလိပ်ပြာစေ့ စသော အသီးအနှံများက ၅၀ ကျပ်ဖိုးဆိုလျှင် ဟင်းတစ်နပ်စာ ကောင်းကောင်း ရသည် ။ ရှမ်းခေါက်ဆွဲ၊ ပဲပုပ်၊ ခေါပုတ်၊ တို့ ဟူးနွေး၊ တို့ ဟူးကြော် စသော ရှမ်းအစားအစာများကို အများ ဆုံး စားရသည် ။

တစ်ခါတစ်ရံတော့ အကြော်၊ ကောက်ညှင်းပေါင်း၊ မုန့်လက်ကောက် ၊ သင်္ဘောသီးသုပ် စသော မြန်မာအစားအစာများကို လည်ရောင်းသော ခေါင်းရွက်ဈေးသည် အချို့ကို တွေ့ရပါသည် ။

ညနေ ၃ နာရီသာသာမှာ 'သင်္ဘောသီးသုပ်' ဟု အော်တတ်သော ခေါင်းရွက်ဈေးသည် ကလေးတစ်ယောက် အိမ်ရှေ့ကို ပုံမှန်လာတာ သတိထားမိပါသည် ။ ထိုဈေးသည် ကလေးသည် နေ့တိုင်း ဝင်းခြံဘေးနားမှ နေဆာလှုံရင်း စာဖတ်နေသောရွှေမိကို 'စားမလား အန်တီ' ဟု အမြဲမေးတတ်သည် ။ ရွှေမိကလည်း အမြဲခေါင်းခါ ငြင်းပယ်ခဲ့သည် ။

ဒီနေ့တော့ သင်္ဘောသီးသုပ်စပ်စပ်လေး စားချင်သဖြင့် ထိုဈေးသည်လေးကို ခြံတံခါး ဖွင့်ပေးလိုက်သည် ။ ကောင်မလေးက ခေါင်းပေါ်က တောင်းကို မြေမှာ ချသည် ။ တောင်းထဲက ဒန်အိုးဖြူဖြူထဲမှာ သင်္ဘောသီး၊ တို့ ဟူး၊ ကြာဆံ၊ ခေါက်ဆွဲဖတ် စတာတွေ တစ်ပုံစီ ပုံထားသည် ။ ဘေးနားမှာ ငရုတ်မှုန့်၊ ဆီချက်၊ မန်ကျည်းဖျော်ရည်ဘူးတွေကို သန့်ရှင်းစွာထည့်ထားတာ တွေ့ရသည် ။

"သင်္ဘောသီးသုပ် စားမလား။ အစုံသုပ်လုပ်ရမလား အန်တီ"

"အစုံသုပ်ပဲ လုပ်ပါ။ ချဉ်ငန်စပ်လေးနော်။ ဒီအရပ်မှာ ရှမ်းအစားအစာပဲ အများ ဆုံး တွေ့ရတာ။ ဒီအစုံသုပ်က အညာစာပဲကွယ့်။ သမီးက အညာသူလား"

အသားညိုစိမ့်စိမ့်လေးမို့ စပ်စုကြည့်သည် ။ ကောင်မလေးက

"ကျွန်မက အညာကပဲလေ။ နတ်မောက်မြို့နယ် ကျောက်ခွက်ရွာက နေ ဒီကို ဈေးလာရောင်းတာ ၇ နှစ်ရှိပြီ။ နွေရာသီနှင့် ဆောင်းရာသီပဲ ရောင်းတာလေ။ မိုးဆို ရွာပြန် လယ်လုပ်ရတယ်"

"ကျောက်ခွက်ရွာနားက ထန်းပင်ကုန်း၊ ပင်းတို့ မှာ အန်တီတို့ အမျိုး တွေရှိတယ်။ ထန်းပင်ကုန်းမှာ ဦးသောင်းရွှေ-ဒေါ်ညွှန့်တို့ မောင်နှမဟာ အန်တီတို့ အမျိုးတွေပေါ့ သိလား"

"သိတာပေါ့။ တောသူဌေးတွေပဲ။ ထွန်စက်၊ ရေစုပ်စက်၊ ဆီစက်တွေ အပြင် အခု ကားလည်း ထောင်ထားတယ်။ စီးပွားကွက် မြင်ချက်များ ရွာနားမှာ အလှူလုပ်ရင် အငှားလိုက်ဖို့ ၆ လုံးပတ်ဆိုင်းဝိုင်း၊ လော်စပီ ကာပါ ထောင်ထားတာ။ ကျွန်မရွာပြန်ရင် မှာ ချင်တာမှာ လိုက်ပါ။ ကျောက်ခွက်နှင့် ထန်းပင်ကုန်းအနီးလေး။ သွားပြောပေးပါ့မယ်"

"ဪ အေး အေး"

ရွှေမိက သူ့ဒန်အိုးထဲက လက်ကျန်ပစ္စည်းအနည်းငယ်ကို ငုံ့ကြည့်ပြီး

"ဒါအကုန်ပဲလား။ ဒါကုန်ရင် ပြန်တော့မှာ ပေါ့"

"ဟုတ်တယ် အန်တီ။ နေ့ခင်းကတည်းက ရောင်းတာ။ ဒါပဲ ကျန် တော့တယ်။ ဒါလေးတောင် တစ်နေ့ ၁၅၀၀-၁၆၀၀ ကိုယ့်အတွက် ကျန် တယ်"

ငယ်ရွယ်သူစိတ်ဖြင့် သူမ၏ စွမ်းရည်ကို ထုတ်ပြောသည် ။

"တယ်ဟုတ်ပါလား။ တစ်နေ့ ၁၆၀၀ ဆိုတာ ဘယ်နည်းမလဲ"

"ကျွန်မမောင်လေးက ဒီထက်ကျန်တယ်။ သူက ဂျာနယ်လက်ပွေ့ ရောင်းသမားလေး။ အားကစားဂျာနယ်၊ ဘောလုံးဂျာနယ်တွေဆို သိပ်

ရောင်းကောင်းတာအန်တီရဲ့ ။ သူက တစ်နေ့ဆို ၄၀၀၀ ကျော်လောက် ကိုယ့်တွက် ကျန်တယ်"

"မောင်နှမ ၂ ယောက် အတူလာကြတာပေါ့"

"ဟုတ်ပါတယ်။ ကျွန်မတို့ က ဆင်ခြေဖုံးရပ်မှာ အခန်း စုငှားနေကြတာ။ အခန်းခ တစ်လ ၃၀၀၀ ပေးရတယ်။ စပေါ်တွေ ဘာတွေလည်း မပေးရပါဘူး။ စားစရိတ်လည်း သိပ်မကုန်ပါဘူး။ မောင်နှမ ၂ယောက် တစ်နေ့ ဆန်နို့ဆီ ၂ဘူးခွဲဆို စားလောက်တယ်။ ကျွန်မ ဒီကအပြန် ဈေးရှေ့မှာ အဖော်တွေနှင့်စုပြီး ဈေးဝယ်၊ ညစာချက်ရမှာ ။ ညစာဆိုလည်း ပန်းဂေါ်ဖီတစ်ထုပ် ၅၀ နှင့်ဝယ်ပြီး ကြော်စားလိုက် ပြီးတာပဲ"

"အဖော်တွေ ရှိသေးတယ်လား"

"ရှိတာပေါ့။ ရွာကနေ ဒီမှာ သဘ်္ာသီးသုပ်ရောင်းတဲ့ သူ ၁၄ ယောက်ရှိတယ်။ ဂျာနယ်ရောင်းတဲ့ သူကတော့ အများကြီးပဲ။ ဒီမှာ အလုပ်လုပ်ပြီး မိုးရာသီရွာပြန်ရင် ငွေစကြေးစလေးတွေ ပါလာတာသိတော့ ၁ယောက်စ ၂ယောက်စလိုက်လာရင်းနှင့် လူတွေအများကြီး ဖြစ်လာတာ။ ရှေ့နှစ်ဆို ဒီထက်များ လာမှာ ။ သမုဒ္ဒရာရေ တစ်ယောက်တည်းသောက်လို့ မှ မကုန်တာပဲနော်"

ရွှေမိ၏ စားပြီးသားပန်းကန်ကို လှမ်းယူရင်း ကောင်မလေးက ဆက်ပြောသည် ။

"ဂျာနယ်ရောင်းတာက ရောင်းတတ်ရင် တစ်နေ့ ၆၀၀၀ လောက်ကျန်တဲ့ သူရှိတယ်။ သူက ပညာတော့ လိုတာပေါ့ အန်တီရယ်။ ရက်လွန်ဂျာနယ်တွေကို ၁၅ကျပ်-၃၀နှင့်ဝယ်ပြီး၊ ၁၀၀-၁၅၀ နှင့် ပြန်ရောင်းတာလေ ။ လူတွေဝယ်ချင်လာအောင် တော်ကီလေးလည်း ထည့်ပေးရတယ်။ ဝေါကီလည်း များများ လုပ်ရတယ်"

"ဘာလဲကွယ့်-တော်ကီ၊ ဝေါ်ကီဆိုတာ"

"အန်တီကလည်း လူစည်ကားတဲ့ ကားဂိတ်တို့ ဘာတို့ ကို လမ်းများ များ လျှောက်သွားပြီး လူတွေစိတ်ဝင်စားအောင် စကားလေးဘာလေး များများ ပြောပေးရတာကို ပြောတာလေ"

"သြော်-အေး-အေး။ ဒါဆို သမီးတို့ မောင်နှမ တစ်ရာသီအလုပ်လုပ်ပြီး ရွာပြန်ရင် ၆ သိန်းလောက် စုဆောင်းယူသွားနိုင်မှာ ပေါ့နော်"

ရွှေမိက စိတ်ဖြင့် စီးပွာတွက်တွက်ပြီး လက်ကျန်ရှင်းတမ်းဆွဲကာ အမြတ်ကိုတွက်ပေးတော့၊ ကောင်မလေးက ရွှေမိကို စွေစောင်းစောင်းကြည့်ကာ

"ဘယ် ကပ့ါမလဲ အန်တီရယ်။ တစ်နေ့ကပဲ ရွာကို လူကြုံနှင့် နွားဝယ်ဖို့ ငွေ ၂ သိန်း ပို့ပေးလိုက်သေးတယ်"

"ဟယ်- ဒါဆို သမီးတို့ သူဌေးဖြစ်ပြီပေ့ါ"

"သူဌေးတော့ မဟုတ်ပါဘူး။ သမီးတို့ က ပိုက်ဆံရရင် ရွာမှာ လယ်ယာ၊ ကျွဲ၊ နွားပဲ ဝယ်တတ်ကြတာ။ အဲဒါတွေတော့ ရှိတာပေ့ါ။ သမီးတို့ က မိုးတွင်းပါ ဒီမှာ နေပြီး ငွေရှာချင်တာ။ အမေတို့ က ခွင့်မပြုလို့ ။ ခွင့်မပြုဆို ရွာမှာ လယ်လုပ်ရင် လက်စားခ စျေးကြီးပေးရပေမယ့် ခေါ်ချင်တိုင်း ခေါ်မရတော့ ကိုယ့်လယ်ကိုယ် ပြန်လုပ်ရတယ်။ လယ်ယာစပါး၊ နှမ်း၊ ပဲ ပိုပိုလျှံလျှံရပါတယ်။ မိုးကုန်လို့ ရွာမှာ အလုပ်မရှိတော့ ဒီကို လာပြီး အသုပ်စုံရောင်း၊ ဂျာနယ်ရောင်းပြီး ငွေရှာကြတာပေ့ါ"

ဘဝတိုးတက်မှုအတွက် မိမိ၏ မွေးရပ်မြေကို စွန့်ခွာလျက် စွန့်စွန့်စားစား အလုပ်လုပ်ကြသော လူငယ်များ စွာ ရှိကြပါသည် ။ ကျေးရွာရှိ

လူငယ်များက မြို့ပြဒေသ လာရောက်၍ ငွေရှာကြသလို မြို့ပြလူငယ်အချို့က ကမ္ဘာအနှံ့ ခြေဆန့်၍ တိုးတက်မှုကို ရှာဖွေကြသည် ။ အောင်မြင်သည် လည်း ရှိသလို ဆုံးရှုံးကြတာလည်း ကြုံကြရပါသည် ။ အဓိကက တော့ ကိုယ်ကျင့်တရား မပျက်စီးဖို့ အရေးကြီးပါသည် ။ ကိုယ်ကျင့်တရားနှင့် သိက္ခာ၊ အကျင့်စာရိတ္တတို့ ကို အရင်းပြု၍ မှားယွင်းစွာငွေကြေးရှာဖွေလိုသူများ နှင့် နှိုင်းယှဉ်သော်၊ အသုပ်စုံသည် မိန်းကလေးသည် ကြေးမရောသော ရွှေစစ်စစ်သာတည်း။

"သမီးနာမည် ဘယ်လို ခေါ်သလဲကွယ်။ အသက်ရော ဘယ်လောက်ရှိပြီလဲ။ အန်တီ စာရေးရင် သမီးနာမည်ရင်း ထည့်ရေးချင်တယ်။ ခွင့်ပြုမှာ လား"

ကောင်မလေးက ရွှေမိကို တအံ့တသြမော့ကြည့်ကာ

"အန်တီက စာရေးတာကိုး။ သမီးနာမည်က စောမူ။ မောင်လေးနာမည်က ကျော်မင်းထွန်းတဲ့ ။ သမီးအသက်က ၂၀။ မောင်လေးက ၁၇ နှစ်ပါ။ သမီးတို့ နာမည်အတိုင်း ရေးလည်း ရပါတယ်။ စာအုပ်ထဲမှာ ပါလာရင်တော့ သမီးကို ပြောပါဦးနော်" ဟု ဝမ်းသာစွာပြောလေ၏။

စောမူသည် အရွယ်ငယ်သော်လည်း သမ္မာအာဇီဝလုပ်ငန်းဖြင့် မိမိဘာသာ ရပ်တည်နိုင်ကာ၊ ယုံကြည်မှုဖြင့် ရဲရင့်ဖျတ်လတ်နေတာ ချီးကျူးလေးစားဖွယ်ပင်တည်း။


ဘဝပေးအခြေအနေအတိုင်း ဖွဲ့လုံ့လနှင့် ဝီရိယကို အရင်းတည်လျက် အခြေမြင့်၍ အနေတင့်အောင် ရိုးသားစွာစွမ်းဆောင်နိုင်သော လူငယ်အားလုံးကို လေးစားစွာဂုဏ်ပြုပါ၏။

ထိုလူငယ်များကား တကယ့် ဇမ္ဗူရစ်ရွှေစစ်စစ် များ သာတည်း။

။

***

သူ၏ ရူပဗေဒသဘောတရားများကို တိတိကျကျနားမလည်ပါ။ မရွှေမိသိတာကတော့ သော့ဆိုလျှင်ဘယ်တော့မှ လုံခြုံမှုမရှိပါလား ဆိုတာပင်ဖြစ်သည်။ သို့သော် သော့တွင် ကား ရှိနေဆဲရှိနေမှာ ဖြစ်သည်။



လူနှင့် သော့

မရွှေမိကို ဗေဒင်ဆရာအချို့က 'ဥစ္စာစောင့်ဘဝက လာခဲ့တာ'ဟု

ဆိုကြသည် ။ အရင်ဘဝက တကယ်ပဲ ဥစ္စာစောင့်အစစ် ဖြစ်ခဲ့သလား ဆိုတာ မသိပါ။ ယခုဘဝမှာ တော့ တကယ့် ဥစ္စာစောင့်အစစ်ဖြစ်သည် ။ တကယ်တော့ လူတိုင်းသည် ချမ်းသာ၊ ဆင်းရဲမရွေး ကိုယ့်ဥစ္စာ ကိုယ် စောင့်သော ဥစ္စာစောင့်စစ်စစ်များ ပင် မဟုတ်ပါလား။

ကြွားသည် ဟု မထင်စေလိုပါ။ မရွှေမိမှာ သစ်နှင့် ပြုလုပ်ထားသော သေတ္တာ ၁၅ လုံး ပိုင်ပါသည် ။ ရွှေ၊ ငွေရတနာစသော အဖိုးတန်ပစ္စည်း တွေ ထည့်ထားတာ မဟုတ်ပါ။ ဝန်ထမ်း၏ ဇနီးမယားဆိုတော့ အပြောင်းအရွှေ့လွယ်ကူစေရန် သေတ္တာတွေ အသုံးပြုရ၍ ဖြစ်သည် ။ ဧည့်လာ စောင်လာ အသုံးပြုရန် စောင်၊ ခေါင်းအုံး၊ အိပ်ရာခင်း၊ ခြင်ထောင်တွေ ထည့်တာက ၁ လုံးဖြစ်သည် ။ ပူလွန်းသောဒေသတွေမှာ တာဝန်ကျစဉ် ဝယ်ယူအသုံးပြုရသော ချည်စောင်မျိုးစုံနှင့် အိပ်ရာခင်း စသည် တို့ ထည့်သိမ်းရတာက သေတ္တာ ၁ လုံး။ ၎င်းကို ဆောင်းတွင်းမှာ သိမ်းထားရ တာဖြစ်သည် ။ သိပ်ချမ်းအေးတဲ့ အရပ်မှာ တာဝန်ကျတော့ ဂွမ်းစောင် ထူထူနှင့် ဂွမ်းကပ်ကြီးတွေ ဝယ်သုံးရပြန်သည် ။ နွေရာသီရောက်တော့ ဂွမ်းစောင်နှင့် ဂွမ်းကပ်တွေ သိမ်းထားရတာက သေတ္တာ ၂ လုံး။ ကျန် ၁ လုံးမှာ တစ်မိသားစုလုံး ဆောင်းရာသီဝတ်ဆင်ရသည့် အနွေးထည်၊ ဂျာကင်၊ ဘောင်းဘီ၊ မာဖလာ၊ သိုးမွေးဦးထုပ်အမျိုးမျိုးထည့်တာနှင့် ပြည့် ရော။

ကျန်သေတ္တာ ၁ လုံးမှာ လူကြီး၊ ကလေးအသုံးမပြုတော့သည့် အင်္ကျီ အဝတ်အစားမျိုးစုံ ထည့်ထားသည် ။ ရောက်ရာဒေသမှာ နွမ်းပါးသူတွေ့ လျှင် ဝေငှပေးကမ်းသော်လည်း ၊ ကလေးတွေက ကြီးကောင်ဝင်ချိန်ဖြစ် ၍ ဘယ်အဝတ်ဖြစ်စေ ၁နှစ်-၂နှစ်ဆို ငယ်ကုန်တော့ သေတ္တာထဲမှာ လျော့သည် ဟု မရှိချေ။ အချို့က စာအုပ်သေတ္တာ၊ အချို့က လွှ၊ ဆောက်၊ ဓား စသော အိမ်သုံးပစ္စည်း ကိရိယာများ ၊ ဓာတ်ပုံအဟောင်း၊ ခရီးဆော

င်အိတ်အဟောင်း၊ ဘုရားကြေးပန်းအိုး အဟောင်းတွေ၊ လှွင့်ပစ်ရခက်၊ သိမ်းထားရခက်သည့် ပစ္စည်းအဟောင်းတွေ၊ ကလေးကစားစရာ အရုပ်မျိုးစုံ အကျိုးအပဲ့တွေ။

တန်ဖိုးရှိတာ မဟုတ်သော်လည်း မရွှေမိက သူပိုင်သမျှ သေတ္တာ၊ ဗီရို ၊ စားပွဲအံပွဲ၊ မှန်တင်ခုံတံခါးနှင့် အံဆွဲရှိသမျှအားလုံးကို သော့ခတ်ထားသည် ။ သော့နှင့် သော့ခလောက်တွေကို လက်သည်းဆိုးဆေးအရောင်မျိုးစုံ ဆိုး၍ ခွဲခြားထားတာ ဖြစ်သည် ။ အိမ်အပြင်ထွက်လျှင် အိပ်ခန်းတံခါးသော့၊ အိမ်သော့၊ ခြံသော့ မျိုးစုံအောင် ခတ်သည် ။ သော့ခတ်ခြင်း၏ ရည်ရွယ်ချက်ကို လူတိုင်းလွယ်ကူစွာ သိကြပါလိမ့်မည်။ 'သူခိုးကြောက်လို့ ' ဆိုတာကိုပေါ့။

မရွှေမိကတော့ သူခိုးကြောက်၍ သော့တွေအများကြီးခတ်တာ မဟုတ်ပါ။ 'သူခိုးကို လှည့်စားချင်လို့ 'ဟု ဆိုရမည်။

ပခုက္ကူမှာ နေစဉ်က မရွှေမိတို့ နေရသောအိမ်က ဧကဝက်ခန့်ကျယ်သော ခြံကြီးထဲမှာ ဖြစ်သည် ။ ပတ်ဝန်းကျင်မှာ လူအသွားအလာ ပြတ်သည် ။ ကပ်လျက်ခြံကလည်း အကျယ်ကြီး။ ကိစ္စရှိလျှင် အော်၍ ခေါ်၍ မကြားနိုင်ပါ။ တယ်လီဖုန်းဆက်ခေါ်မှ ရတာဖြစ်သည် ။ အိမ်နှင့်ခြံက လုံခြုံသော်လည်း ၊ ဒေသသစ်၊ ပတ်ဝန်းကျင်သစ်မှာ သတိရှိနေရသည် ။ ယောက်ျားက နံနက်စောစော ခရီးထွက်ချိန် မရွှေမိ အိပ်ပျော်နေလျှင် အိမ်အပြင်က သော့ခတ်သွားတတ်သည် ။ 'အလွန်တော်သော အိမ်ရှင်မ' ဟု အထင်မသေးစေလိုပါ။

တစ်ရက် သော့ခတ်ထားသောခြံနှင့် အိမ်ကြီးထဲမှ ပဲပြုတ်သည် မျက်စိလည်ခေါ်သံ ထွက်လာသည် ။ ဝေလီဝေလင်းမှာ ပဲပြုတ်သည် မျက်စိလည်သွားကာ ဆက်သွားရခက်၊ ရပ်နေရခက်၊ ထွက်ပြေးရခက် ဖြစ်နေ

သည် ။ တလောကမှ လူမနေသော ‘သရဲခြောက်သည် ’ ဟု နာမည်ကြီး သည့် တိုက်အိမ်ကြီးတစ်လုံးပေါ်မှ မိန်းမတစ်ယောက် ပဲပြုတ်ဆင်းဝယ် ၍ အလန့်တကြား ထွက်ပြေးရသော သာဓကက ရှိနေသည် ။

"ပဲပြုတ်သည် ရေ။ ခဏစောင့်နေ။ လာခဲ့မယ်နော်"

နောက်ဖေးတံခါးလှပ်ပြီး သော့ခတ်ထားသောအိမ်ကိုပတ်ကာ ခြံတံခါးဝရောက်လာသော ရွှေမိကို ပဲပြုတ်သည် က ကြောင်တောင်တောင်ကြည့်နေသည် ။ ရွှေမိက ပဲပြုတ်ဝယ်ပြီး ခပ်တည်တည်နှင့်

"ဒီအိမ်က အပြင်က သော့ခတ်ထားပေမယ့် လူမရှိဘူး မထင်နှင့်။ အထဲမှာ လူ ၄-၅ ယောက် အမြဲရှိတယ်" ဟု ပြောလိုက်သေးသည် ။ ဒါကလည်း ‘အနီးအပါးမှာ သူခိုးတွေဘာတွေရှိလျှင် လှည့်စားမှုတစ်ခု ဖြစ်ပေတာပဲ’ ဟု တွေးကာ မိမိကိုယ်ကို ကျေနပ်သွားသည် ။

သေတ္တာတွေ၊ ဗီရိုတွေအားလုံးကို သော့ခတ်ထားတာလည်း လှည့်စားမှုတစ်မျိုးဖြစ်သည် ။ အကယ်၍ ဖွဟဲ့-လွဲပါစေ၊ အိမ်ထဲကို သူခိုးရောက်သော် ရွေးချယ်ရမည့် သေတ္တာကို ရှာဖွေရခက်ရန် လှည့်စားထားခြင်းဖြစ်သည် ။ သူခိုးအထင်ကြီး မျှော်လင့်နေသောပစ္စည်းကို ရှာမတွေ့ခင်၊ သေတ္တာတွေ တစ်လုံးပြီးတစ်လုံး ဖွင့်နေစဉ်မှာ အိမ်ရှင် သိသွားနိုင်သည် မဟုတ်ပါလား။

သော့ကိုင်သူများ ၏ ထုံးစံအတိုင်း သော့ပျောက်သည့်အတွေ့အကြုံက ရွှေမိမှာ အများကြီးရှိသည် ။ သော့ပြင်ဆရာကို ခေါ်၍ ဖျက်ခိုင်းရင်း သော့ဖျက်နည်းအချို့ကို မရွှေမိ သိနေကာ သော့ခလောက်နှင့် သော့ကို မရွှေမိ ယုံကြည်မှုနည်းလာသည် ။ သော့ခလောက်အစား ဗီရို၊ အံဆွဲတံခါးတွေမှာ မြှုပ်ထားသော ကြေးသော့ဝိုင်းလေးတွေကို ပိုပြီး

ယုံကြည်စိတ်ချလာသည် ။ မရွှေမိကြားဖူးသော 'မာစတာကီး'(Master K ey) ဟု ခေါ်သော၊ သော့မျိုးစုံဖွင့်၍ ရသော သော့တစ်မျိုးကိုသုံးလျှင် တော့ မတတ်နိုင်ပါ။ 'ဖျက်ဆီးရန်တော့ အလွန်ခက်ပေမည်' ဟု တွေးမိသောကြောင့် ဖြစ်သည် ။

တစ်ရက်မှာ ထုံးစံအတိုင်း မရွှေမိ သော့ပျောက်သည် ။ ဒီတစ်ခါပျောက်တာက မရွှေမိယုံကြည်သော ဗီရိုတံခါးထဲမှာ မြှုပ်ထားသော သော့ပေါက်ဝိုင်းလေးကို ဖွင့်သည့်သော့ ဖြစ်နေသည် ။ လက်ထဲမှာ ရှိသော သော့ပေါင်းစုံနှင့် ပွင့်လိုပွင့်ငြား ဖွင့်ကြည့်သော်လည်း ဘယ်လိုမှ မရပေ။ ဒါနှင့် သော့ပြင်ဆရာ ခေါ်ခိုင်းရသည် ။ သော့ပြင်ဆရာက အသားညိုညို၊ မျက်လုံးတောက်တောက်နှင့်။ အသက် ၃၀အရွယ်၊ ရိုးသားဟန် ရှိသည် ။ ရိုးသားမည်ထင်ရသော သော့ပြင်ဆရာကို ရွေးချယ်ခေါ်ယူခြင်းကလည်း ပညာတစ်ခု ဖြစ်သည် ။

"အလို- ဟယ်-ဟယ်၊ အံ့သြစရာကြီးဟယ်"

မရွှေမိ တအံ့တသြအော်သည် ။ ဗီရိုတံခါးသည် အပျက်အစီးမရှိ သော့အစစ်နှင့် ဖွင့်လိုက်သလို တိတိကျကျ သပ်သပ်ရပ်ရပ် ပွင့်သွားချေ၏။

"အံ့သြစရာကြီး ဟယ်။ ဘယ်လိုလုပ်တာလဲဟင်"

"အံ့သြစရာမဟုတ်ပါဘူး အစ်မရယ်။ သံချောင်းကို သော့ပေါက်ထဲ ထည့်ပြီး၊ အပြင်က မီးပေးပြီး အပူဓာတ် စီးဝင်သွားစေတာပါ။ ဒါရူပဗေဒသဘောပါပဲ"

သူ၏ ရူပဗေဒသဘောတရားကို မရွှေမိ တိတိကျကျ နားမလည်ပါ။ မရွှေမိသိတာကတော့ သော့ဆိုလျှင် ဘယ်သော့မှ လုံခြုံမှုမရှိပါလား' ဆိုတာပင်ဖြစ်သည် ။

သို့သော် သော့တွေကား ရှိနေဆဲရှိနေမှာ ဖြစ်သည် ။ ကားသော့၊ အိမ်သော့၊ မီးခံသေတ္တာသော့၊ သံသေတ္တာသော့၊ ဗီရိုသော့၊ တံခါးသော့။ သော့-သော့-သော့။

ကိုယ့်ပစ္စည်း ကိုယ်စောင့်သော ဥစ္စာစောင့်လူသားတိုင်းအတွက် သော့သည် အမြဲလိုအပ်နေမှာ အမှန်ပင် ဖြစ်လေ၏။ ။

***